# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်စျေးကွက်သတင်းလွှာ

myantrade

October 14 , 2022 Volume 59, Number 9


၁၄.၁၀.၂၀၂၂

| | |
|---|---|
| ကမ္ဘာ့ရွှေစျေး | = ၁၆၇၀ US$ |
| မြန်မာ့ရွှေစျေး | = N/A |
| ဒေါ်လာစျေး | = ၂၉၇၀ ကျပ် |
| CBM Rate | = ၂၁၀၀.၀ ကျပ် |
| ယူရို တစ်ယူရို | = ၂၀၄၃.၁ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၄၇၄.၄ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၃၆၂.၀ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၂၀.၆ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၁.၇၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၅၀၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၆.၁၄ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၆.၆၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၄.၉၀၂ ကျပ် |

Source: CBM Rate, etrademyanmar.com


CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## ကချင်ပြည်နယ်၏ အောက်တိုဘာလ ၁ ရက်နေ့မှ ၇ ရက်နေ့အတွင်း မြန်မာ-တရုတ်နှစ်နိုင်ငံ ကုန်သွယ်မှုအခြေအနေ

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့်ကန်ပိုက်တည် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ် နှစ်နိုင်ငံ ကုန်သွယ်မှုများရှိခဲ့ရာ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်မှ ၇ ရက်နေ့များအတွင်း တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများမှာ ရော်ဘာ၊ ဆန်ကွဲ၊ ဆန်၊ ငရုတ်သီး(အခြောက်)၊ ကြိမ်နှင့် ပိုးလုံးအိမ်များ တင်ပို့ခဲ့ကြောင်း သိရှိရပါသည်။ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ ငွေပမာဏသည် ၆၁၉၅၈၆ ဒသမ ၈၄ ကန်ဒေါ်လာ တင်ပို့မှုရှိခဲ့ပါသည်။

သွင်းကုန်ပစ္စည်းများမှာ ဓါတ်မြေဩဇာများ၊ ဓါတုဗေဒချည်ခင်များ၊ လယ်ထွန်စက်များ၊ အပ်ချည်ကြိုးများ၊ ပလတ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ ချည်ထည်များ၊ စက်နှင့်စက်ပစ္စည်းများ၊ သံနှင့်သံမဏိပစ္စည်းများ၊ သံပိုက်နှင့် အခြားပစ္စည်းများ တင်သွင်းမှုရှိခဲ့ပါသည်။ ကန်ပိုက်တည်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏမှာ ကန်ဒေါ်လာ ၃၇၀၀၄၀ ဒသမ ၆၁ တင်သွင်းမှုရှိခဲ့ပြီး၊ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏမှာ ကန်ဒေါ်လာ ၂၅၆၂၄၀ ဒသမ ၆၁ ဖြစ်၍ တင်သွင်းကုန်၏ စုစုပေါင်းငွေပမာဏတန်ဖိုးမှာ ကန်ဒေါ်လာ ၆၂၆၂၈၁ ဒသမ ၂၂ တင်သွင်းမှုရှိခဲ့ပါသည်။

မြန်မာကျပ်ငွေနှင့် တရုတ်ယွမ် ငွေလဲနှုန်းမှာ မြန်မာငွေကျပ် ၁၀၀ လျှင် တရုတ်ယွမ် သုံးည ဒသမ ၃၄၃ ယွမ်ဖြစ်ပြီး၊ ၁ ယွမ်လျှင် မြန်မာကျပ်ငွေ ၂၉၁ ဒသမ ၅၄ ကျပ်ရှိကြောင်း သိရှိရပါသည်။

**Source: မနေခြေကုန်သွယ်မှုဗဟိုဌာန**

## မန္တလေးကုန်စည်ဒိုင်တွင် နှမ်းဈေးနှုန်း မြင့်တက်လာ

မန္တလေးကုန်စည်ဒိုင်သို့ ဈေးကွက်အဝင်မရှိသော်လည်း လှောင်လက်နှမ်းများ လက်ကျန်နည်း၍ ဈေးမြင့်လာပြီး၊ ပုံမှန်အရောင်းအဝယ်ဖြစ်နေကြောင်း၊ နှမ်းဖြူ နှမ်းညိုတစ်အိတ်လျှင် ယခင်တစ်ပတ်ထက် ကျပ် ၁၀၀၀၀ မှ ၃၀၀၀၀ မြင့်တက်လာကြောင်း သိရသည်။

**နှမ်းဖြူ(ရိုးရိုး)** ၄၅ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၂၈၀၀၀၀ မှ ၂၈၅၀၀၀၊ ယခင် တစ်ပတ် ကျပ် ၂၅၀၀၀၀ မှ ၂၇၀၀၀၀ ၊ ယခင်လ ကျပ် ၃၂၀၀၀၀ မှ ၃၂၅၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၁၅၀၀၀ မှ ၃၀၀၀၀ ၊ ယခင်လထက် ကျပ် ၄၀၀၀၀ နိမ့်ကျလာသည်။

**နှမ်းညို** ၄၅ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ်ကျပ် ၂၃၀၀၀၀ မှ ၂၄၀၀၀၀၊ ယခင်တစ်ပတ် ကျပ် ၂၂၀၀၀၀ မှ ၂၃၀၀၀၀ ၊ ယခင်လ ကျပ် ၂၄၅၀၀၀ မှ ၂၅၅၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၁၀၀၀၀ မြင့်တက်လာပြီး၊ ယခင်လထက် ကျပ် ၁၅၀၀၀ နိမ့်ကျလာသည်။

**နှမ်းနက်(စမုံ)** ၄၅ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၃၃၀၀၀၀၊ ယခင်တစ်ပတ်ကျပ် ၃၀၀၀၀၀၊ ယခင်လကျပ် ၃၂၀၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက်ကျပ် ၃၀၀၀၀မြင့်တက်လာပြီး ၊ ယခင်လထက် ကျပ် ၁၀၀၀၀ မြင့်တက်လာသည်။

**Source:** ရတနာပုံကုန်သွယ်မှုဇုံဌာန

## အောင်လံကုန်စည်ဒိုင်တွင် ကုလားပဲနှင့်ပဲစင်းငုံနီဈေး မြင့်တက်

မကွေးတိုင်းဒေသကြီးအတွင်းရှိ အောင်လံကုန်စည်ဒိုင်တွင် ပဲမျိုးစုံတို့ အရောင်းအဝယ်ဖြစ်လျှက်ရှိရာ ပြည်ပ ဝယ်လိုအားကျဆင်းခြင်းနှင့် ဒေါ်လာဈေးပြောင်းလဲနေသည့်အတွက် ပဲ၊ နှမ်းဈေးကွက် ကျဆင်းနေသော်လည်း လက်ကျန် နည်းပြီး ဝယ်လိုအားရှိတာကြောင့် ကုလားပဲနှင့်ပဲစင်းငုံနီဈေးများမြင့်တက်ကာ အရောင်းအဝယ်ဖြစ်လျှက်ရှိပါသည်။ ကုလားပဲ နှင့်ပဲစင်းငုံနီဈေးများ ကာလတူနှိုင်းယှဉ်ပါက ယခုတစ်ပတ် ပဲစင်းငုံ(၂၀)ပိဿာ (၁)တစ်အိတ်လျှင် ယခင်တစ်ပတ် (၄.၁၀.၂၀၂၂)ရက်နေ့တွင် (၆၁၀၀၀)ကျပ်၊ ယခုတစ်ပတ် (၁၁.၁၀.၂၀၂၂)ရက်နေ့တွင် (၆၂၀၀၀)ကျပ်ဈေး ဖြစ်သည့်အတွက် (၁၀၀၀)ကျပ်၊ ကုလားပဲ(HL) (၂၀)ပိဿာ (၁)တစ်အိတ်လျှင် ယခင်တစ်ပတ် (၄.၁၀.၂၀၂၂)ရက်နေ့တွင် (၅၆၀၀၀)ကျပ်၊ ယခုတစ်ပတ် (၁၁.၁၀.၂၀၂၂) ရက်နေ့တွင်(၆၂၀၀၀)ကျပ်ဈေးဖြစ်သည့်အတွက် (၆၀၀၀)ကျပ်၊ ကုလားပဲ(မြကြေး) (၂၀)ပိဿာ (၁) တစ်အိတ်လျှင် ယခင်တစ်ပတ် (၄.၁၀.၂၀၂၂)ရက်နေ့တွင် (၅၆၀၀၀)ကျပ်၊ ယခုတစ်ပတ် (၁၁.၁၀.၂၀၂၂) ရက်နေ့တွင် (၆၂၀၀၀)ကျပ်ဈေးဖြစ်သည့်အတွက် (၆၀၀၀)ကျပ်စီ အသီးသီးဈေးမြင့်ကာ အရောင်းအဝယ်ဖြစ်လျှက်ရှိကြောင်း အောင်လံ ကုန်စည်ဒိုင် ဈေးနှုန်းသတင်းများအရ သိရှိရပါသည်။

**Source:** ဖန်ခါးမြေကုန်သွယ်မှုဇုံဌာန

## မန္တလေးကုန်စည်ဒိုင်သို့ ပြောင်းဖူးစေ့အသစ်များဝင်ရောက်ပြီး အရောင်းသွက်နေ

အောက်တိုဘာလ ဒုတိယပတ် မန္တလေးကုန်စည်ဒိုင်သို့ ရှမ်းပြည်နယ်မြောက်ပိုင်း ပြောင်းဖူးစေ့စိုက်ပျိုးရာဒေသများ နှင့် မန္တလေးအနီးတဝိုက် မတ္တရာ၊ စဉ့်ကူးဘက်မှ ပြောင်းဖူးစေ့အသစ်များဝင်ရောက်နေပြီး ဈေးကွက်အဝယ်လိုက်ခြင်းကြောင့် အရောင်းအဝယ်သွက်နေကြောင်း ၅၄ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခင်တစ်ပတ်ထက်ကျပ် ၁၅၀၀ မှ ၆၀၀၀ထိ မြင့်တက် လာကြောင်း သိရသည်။

**ရှမ်းပြောင်းဖူးစေ့** ၅၄ ပိဿာဝင် သုံးတင်းတစ်အိတ်ဈေးနှုန်းမှာ တစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၅၁၀၀၀ မှ ၅၄၀၀၀၊ ယခင်တစ်ပတ် ကျပ် ၄၈၀၀၀ မှ ၄၉၀၀၀ ၊ ယခင်လ ကျပ် ၅၁၅၀၀ မှ ၅၂၅၀၀ ဖြစ်သည်။ သုံးတင်းတစ်အိတ်လျှင် ယခင်တစ်ပတ်ထက်ကျပ် ၂၀၀၀ မှ ၆၀၀၀ မြင့်တက်လာပြီး ၊ ယခင်လထက်ကျပ် ၁၅၀၀ နိမ့်ကျလာ၍ ၂၅၀၀ မြင့်တက် လာသည်။

**စီပီပြောင်း** ၅၄ ပိဿာဝင်သုံးတင်း တစ်အိတ်ဈေးနှုန်းမှာ ယခုတစ်ပတ် ကျပ် ၅၀၅၀၀ မှ ၅၄၀၀၀၊ ယခင်တစ်ပတ် ကျပ် ၄၈၀၀၀ မှ ၄၉၀၀၀၊ ယခင်လ ကျပ် ၅၁၅၀၀ မှ ၅၂၀၀၀ ဖြစ်သည်။ သုံးတင်းတစ်အိတ်လျှင် ယခင်တစ်ပတ်ထက်ကျပ် ၁၅၀၀ မှ ၆၀၀၀ မြင့်တက်လာပြီး ၊ ယခင်လထက်ကျပ် ၁၅၀၀ နိမ့်ကျလာ၍ ၂၅၀၀ မြင့်တက်လာသည်။

**ဗမာပြောင်းဖူးစေ့** ၅၄ ပိဿာဝင်သုံးတင်း တစ်အိတ်ဈေးနှုန်းမှာ ယခုတစ်ပတ် ကျပ် ၄၉၀၀၀ မှ ၅၀၀၀၀ ၊ ယခင် တစ်ပတ် ကျပ် ၄၇၀၀၀ မှ ၄၈၀၀၀၊ ယခင်လ ကျပ် ၅၀၀၀၀ မှ ၅၀၅၀၀ ဖြစ်သည်။ သုံးတင်းတစ်အိတ်လျှင် ယခင် တစ်ပတ်ထက် ကျပ်၂၀၀၀မြင့်တက်လာပြီး၊ ယခင်လထက် ကျပ် ၅၀၀ မှ ၁၀၀၀ နိမ့်ကျလာသည်။

Source: ရတနာပုံကုန်သွယ်မှုဇုံဌာန

## သြဂဲနစ်သီးနှံများ၊ ဒေသထွက်ကုန်များ ပါဝင်ရောင်းချနိုင်မည့် 'စိမ်းစိုငြိမ်းအေး..သြဂဲနစ်ဈေး' ပြန်လည်ဖွင့်လှစ်မည်




https://greenwaymyanmar.com



https://greenwaymyanmar.com

သြဂဲနစ်သီးနှံများ၊ ဒေသထွက်ကုန်များ၊ ရိုးရာအစားအစာများစသည်တို့ ပါဝင်ရောင်းချနိုင်မည့် 'စိမ်းစိုငြိမ်းအေး.. သြဂဲနစ်ဈေး' ကို လာမည့် နိုဝင်ဘာ ၅ ရက် (စနေနေ့) က စပြီး အပတ်စဉ်စနေနေ့တိုင်း ပြန်လည်ဖွင့်လှစ်သွားမည်ဟု သိရသည်။

ယခုသြဂဲနစ်ဈေးတွင် (၁) သြဂဲနစ်စိုက်ခင်းလက်မှတ် ရရှိပြီးသူများ၏ သီးနှံများ၊ (၂) သြဂဲနစ်စနစ်သို့ အသွင်ကူးပြောင်းနေသူများ၏ သီးနှံများ၊ (၃) GAP လက်မှတ်ရသီးနှံများနှင့်သဘာဝပစ္စည်းများ၊ (၄) မြန်မာ့ရိုးရာလက်မှုပစ္စည်းများ၊ ဒေသထွက်ကုန်များ၊ ရိုးရာအစားအစာများနှင့် (၅) ဘေးအန္တရာယ် လုံခြုံစိတ်ချရသော စားသောက်ကုန်များစသည်ဖြင့် အုပ်စု ၅ စု ပါဝင်ရောင်းချနိုင်မည်ဖြစ်ကြောင်း သိရသည်။

"သြဂဲနစ်ထုတ်ကုန်တွေရဲ့ ဈေးကွက်ရဖို့ရယ်၊ နောက်ထပ် အစားအစာဘေးကင်းမှုပေါ့။ စားသုံးသူ အန္တရာယ်ကင်းရှင်းရေး ပေါ့နော်။ အဲ့ဒီအတွက်ရယ်။ နောက်ပြီးတော့ သြဂဲနစ်ကို စားသုံးချင်သူတွေရှိတယ်။ ဒါပေမဲ့ ဘယ်မှာဝယ်ရမှန်းမသိဘူးပေါ့နော်။ သည့်အတွက် ထုတ်လုပ်သူနဲ့စားသုံးသူကြားမှာ ချိတ်ပေးတာပါ။ ဒါကြောင့် ဒီလိုသြဂဲနစ်ဈေးလေးတွေကို စီစဉ်ပေးနေတာပေါ့" ဟု သြဂဲနစ်ဈေး ဦးဆောင်ဖွင့်လှစ်သူတစ်ဦးဖြစ်သူ 'သာသည့်မြေသို့' အဖွဲ့မှ ဒေါ်ဝင်းဝင်းမိုးကပြောသည်။

'စိမ်းစိုငြိမ်းအေး...သြဂဲနစ်ဈေး' များကို ၂၀၂၁ ဖေဖော်ဝါရီမတိုင်ခင်ထိ ရန်ကုန်နှင့်မန္တလေးမြို့များတွင် ဖွင့်လှစ်ခဲ့ဖူးပြီး ယခုအခါရပ်ထားရာမှ ပြန်လည်ဖွင့်လှစ်ခြင်းဖြစ်ကာ အပတ်စဉ်ဖွင့်လှစ်သွားနိုင်ရန် စီစဉ်နေသည်ဟုသိရသည်။ "အရင်သြဂဲနစ်ဈေးတွေဖွင့်တုန်းကလည်း လာဝယ်တဲ့သူတွေများတယ်။ စားသုံးကြည့်ပြီး စိတ်ချလက်ချနဲ့ စိတ်ကျေနပ်မှုလည်း ရှိကြတယ်ပေါ့။ သူတို့ဘက်ကလည်း သြဂဲနစ်ဈေးတွေပြန်ဖွင့်ဖို့ တောင်းဆိုလာတာတွေရှိတယ်။ အဲ့ဒီအတွက် ပုံမှန်ဖွင့်နိုင်အောင် ကြိုးစားနေပါတယ် " ဟု ဒေါ်ဝင်းဝင်းမိုးကဆိုသည်။

ယခုစတင်ဖွင့်လှစ်သည့်အပတ်တွင် ဈေးဖွင့်လှစ်မည့် Shangri-La Serviced Apartments မှသူများကိုသာ ရောင်းချပေးသွားမည်ဖြစ်ပြီး နောက်ပိုင်းတွင်မူ အခြားနေရာများတွင်ပါဆက်ဖွင့်ပြီး အားလုံးကိုရောင်းချပေးသွားရန် စီစဉ်နေသည်ဟုလည်း ဒေါ်ဝင်းဝင်းမိုးက ပြောသည်။

ယခု ပထမဆုံးပြန်ဖွင့်မည့် 'စိမ်းစိုငြိမ်းအေး...သြဂဲနစ်ဈေး' ကို ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်ရိပ်သာလမ်း၊ Shangri-La Serviced Apartment တွင် ပြုလုပ်သွားမည်ဖြစ်ပြီး ပါဝင်ရောင်းချလိုသူများအနေဖြင့် ဒေါ်ဝင်းဝင်းမိုး (ဖုန်း – ၀၉ ၂၅၀၆၅၁၇၆၇) နှင့် ကိုဝင်းဇော်ထွန်း ( ဖုန်း – ၀၉ ၉၇၈၅၅၄၅၄၆၅) တို့ထံ ဆက်သွယ်လျှောက်ထားနိုင်သည်ဟု သိရသည်။

**Source:** https://greenwaymyanmar.com/posts/Organic_Seinso_Nyein_Aye

## စင်္ကာပူနိုင်ငံတွင် SME လုပ်ငန်းများ ကုန်သွယ်မှုဆိုင်ရာစဉ်ဆက်မပြတ် စွမ်းဆောင်နိုင်မှုဆိုင်ရာဆုများ လျှောက်ထားနိုင်

စင်ကာပူနိုင်ငံရှိ SME လုပ်ငန်းများအနေဖြင့် စီးပွားရေး၊ လူမှုရေးနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အရေးကြီးသောကိစ္စရပ် များတွင် ဟန်ချက်ညီစွာ အလေ့အကျင့်ကောင်းများဖြင့် ဆက်လက်ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ကုန်သွယ်မှုဆိုင်ရာ စဉ်ဆက်မပြတ် စွမ်းဆောင်နိုင်မှုဆုများ (Sustainable Trade Awards) ကို ပေးအပ်သွားမည်ဖြစ်ပါသည်။

Sustainable Trade Awards သည် စင်္ကာပူနိုင်ငံရှိ SMEsများအတွက် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုလမ်းကြောင်းသို့ စဉ်ဆက်မပြတ်လိုက်ပါနိုင်ရေးအတွက် ၎င်းတို့၏ဆောင်ရွက်မှုများကို ကမ္ဘာကအသိအမှတ်ပြု သိရှိလာစေရန် နှစ်စဉ်ဆောင်ရွက်ပေးမည့် အစီအစဉ်တစ်ခုဖြစ်ပါသည်။

Hinrich ဖောင်ဒေးရှင်းက ကမ္ဘာပေါ်တွင် အကြီးဆုံးစဉ်ဆက်မပြတ် စွမ်းဆောင်နိုင်မှုဆိုင်ရာ အကြံပေးအဖွဲ့ဖြစ်သည့် ERM (Environmental Resources Management)နှင့် ပူးပေါင်း၍ စင်္ကာပူနိုင်ငံတွင် နှစ်စဉ်ဆုချီးမြှင့်သည့်အစီအစဉ်ဖြစ်ပြီး

နောင်လာမည့်နှစ်များတွင် အရှေ့တောင်အာရှနိုင်ငံများသို့ တိုးချဲ့ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

Sustainable Trade Awards များကို ပေးအပ်ရခြင်းမှာ လူမှုရေး၊ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အရေးကြီးသော ကိစ္စရပ်များအပါအဝင် ကုန်သွယ်မှုဆိုင်ရာ စဉ်ဆက်မပြတ် စွမ်းဆောင်နိုင်မှုကို ထင်ရှားစွာ ဆောင်ရွက်နိုင်သည့် စင်္ကာပူနိုင်ငံရှိ SMEs များကို အသိအမှတ်ပြုရန်၊ သက်ဆိုင်ရာ လုပ်ငန်းနယ်ပယ်တွင် ကုန်သွယ်မှုဆိုင်ရာ အလေ့အကျင့်များကို စဉ်ဆက်မပြတ် ပြုပြင်ပြောင်းလဲ တိုးချဲ့ဆောင်ရွက်ရာတွင် ဦးဆောင်မှုပေးနိုင်သည့် ကုမ္ပဏီများ ပိုမိုပေါ်ပေါက်လာစေရန်၊ ကုမ္ပဏီများအနေဖြင့် ကာလကြာရှည်စွာ ရပ်တည်နိုင်စေရန်အတွက် စီးပွားရေးဆိုင်ရာ အလေ့အကျင့်ကောင်းများကို ပံ့ပိုးပေးနိုင်ရန် ရည်ရွယ်ပါသည်။

အဆိုပါဆုများကို အောက်ပါနယ်ပယ်များတွင် ဆောင်ရွက်နေသည့် စင်္ကာပူနိုင်ငံရှိ SMEs များကို ချီးမြှင့်သွားမည်ဖြစ်ပါသည်-

(၁) စားသောက်ကုန်များ ထုတ်လုပ်တင်ပို့သည့် လုပ်ငန်းများ။

(၂) လျှပ်စစ်ပစ္စည်းအစိတ်အပိုင်းထုတ်လုပ်တင်ပို့သည့် လုပ်ငန်းများ။

(၃) ပို့ကုန်တင်ပို့ရန် ကုန်ပစ္စည်းထုတ်လုပ်သည့် လုပ်ငန်းများအတွက် ကုန်ကြမ်းများ ထောက်ပံ့သည့်လုပ်ငန်းများ။

(၄) နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် ဆောင်ရွက်သည့်ဝန်ဆောင်မှုလုပ်ငန်းများ။
(transport, trade finance, advisory services)

(၅) နယ်စပ်ဖြတ်ကျော် ကုန်သွယ်မှုတွင် အသစ်ပေါ်ပေါက်လာသည့် နည်းပညာဆိုင်ရာလုပ်ငန်းများ။

ဆုရရှိသည့် SMEs လုပ်ငန်းများအား စင်္ကာပူနိုင်ငံသုံးငွေ SGD 20,000 ချီးမြှင့်သွားမည်ဖြစ်ပြီး လျှောက်လွှာများကို ၂၀၂၂ ခုနှစ် အောက်တိုဘာလမှစတင်၍ လျှောက်ထားနိုင်ပြီး၊ ၂၀၂၃ ခုနှစ် မတ်လအတွင်း ဆုပေးပွဲအခမ်းအနားကို ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

**NES Unit**

**Source: hinrichfoundation.com**

https://myantrade.gov.mm/article/%E1%80%85%E1%80%84%E1%80%BA%E1%80%B9%E1%80%80%E1

## မြေပဲဆန်ဈေးကောင်းရရှိခဲ့ခြင်းကြောင့် တိုးချဲ့စိုက်ပျိုးမှုများရှိလာ




၂၀၂၂ ခုနှစ် ပဲမျိုးစုံဈေးကွက်တွင် မြေပဲဆန်မှာ စံချိန်တင် ဈေးကောင်းရရှိခဲ့သည့်အပြင် လာမည့်ရာသီ အတွက်လည်း ဈေးကွက်အလားအလာကောင်းများ ရှိနေသဖြင့် တိုးချဲ့စိုက်ပျိုးမှုများရှိလာကြောင်း တောင်သူများထံကသိရသည်။ ယခင်က ဧရာဝတီမြစ်တစ်လျှောက်ရှိ ကျွန်းစိုက်ခင်းများတွင် ဆောင်းရာသီစိုက်သာ များပြားခဲ့သော်လည်း ယခုအခါ ယာသီးနှံစိုက်ခင်းများတွင်ပါ တိုးချဲ့စိုက်ပျိုးလာခြင်းဖြစ်သည်။

၂၀၂၁ ခုနှစ် နှစ်ကုန်ပိုင်းမှ စတင်ကာ စားအုန်းဆီဈေးများ တင်သွင်းမှုလျော့ချခဲ့သဖြင့် ယခင်တစ်ပိဿာကျပ် ၃၀၀၀ ကျော်သာရှိခဲ့သည့် ပြည်တွင်းမြေပဲဆန်ဈေးမှာ တဖြေးဖြေးမြင့်တက်ခဲ့ပြီး တစ်ပိဿာကျပ် ၇၀၀၀ကျော်ထိ စံချိန်တင်မြင့်တက်ခဲ့သည်။

လက်ရှိအချိန်တွင် မိုးမြေပဲများ လှိုင်လှိုင်ဝင်ရောက်လာမှုနှင့်အတူ ပြည်တွင်းစားဆီဈေးများ ဈေးနှုန်းကျဆင်းလာမှုကြောင့် မြေပဲဆန်ဈေးများ ကျဆင်းလာသော်လည်း တစ်ပိဿာလျှင် ကျပ် ၅၀၀၀ကျော် ပေါက်ဈေးရှိနေသေးသဖြင့် တောင်သူများ တွက်ခြေကိုက်သည့်အနေအထားဖြစ်သည်။ “မနှစ်က တစ်နှစ်လုံး မြေပဲဆန်ဈေးကောင်းရကြတော့ ဒီနှစ်ဆောင်းစိုက်ကို ပိုစိုက်လာကြတာပါ။ ကျွန်းစိုက်ခင်းတွေဆိုရင် အခြားသီးနှံတောင် မစိုက်ကြတော့ဘူး။ ဒီနှစ်စိုက်ပျိုးစရိတ်ကလည်း ကြီးလာတော့ ဈေးကွက်ကောင်းနေတဲ့ မြေပဲကိုပိုစိုက်လာတာပါ။ အရင်က ဆောင်းစိုက်မြေပဲ လုံးဆန်ထိပ်စမှာ အလွန်ဆုံး တစ်ပိဿာကျပ် ၂၅၀၀ လောက်ပဲဈေးရတာကနေ တစ်ပိဿာကျပ် ၇၀၀၀ ကျော်လောက်ဆိုတော့ တောင်သူတွေ အဆင်ပြေခဲ့ပါတယ်” ဟု မတ္တရာမြို့နယ်မှ တောင်သူဦးမြင့်ဦးက ပြောသည်။

အောက်တိုဘာလဆန်းပိုင်းတွင် ပြည်တွင်းမြေပဲဆန်စျေး အနည်းငယ်ကျဆင်းမှုရှိသော်လည်း အနီးလုံးဆန် တစ်ပိဿာ ကျပ် ၅၄၀၀ ခန့်ပေါက်စျေးရှိနေကြောင်း မန္တလေးကုန်စည်ဒိုင် ပဲကုန်သည်များထံကသိရသည်။ ယခုဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ၉ ခရိုင်၌ ဆောင်းဆီထွက်သီးနှံဖြစ်သော ဆောင်းမြေပဲလျာထားဧက ၁၂၀,၀၀၀ ကျော်ကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်းလည်း မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်တိုးတိုးဝင်းက ပြောကြားသည်။ "တိုင်းဒေသကြီးအတွင်းမှာ စိုက်ပျိုးရေးဦးစီးဌာနကနေပြီးတော့ ဆီထွက်သီးနှံတွေကို ပြည်တွင်းစားသုံးမှု ဖူလုံစေရေးအတွက် ဘဏ္ဍာနှစ်အလိုက် ပိုမိုတိုးချဲ့စိုက်ပျိုးဆောင်ရွက်နေပါတယ်။ ဆီထွက်သီးနှံ စိုက်ပျိုးတာက ဒေသတွင်းမှာ ဆီဖူလုံမှုအတွက်ကို အဓိကရည်မှန်းချက်ထားပြီး စိုက်ပျိုးနေတာပါ" ဟု ၎င်းကပြောသည်။

**Source: Myanma Awba**

## စက်တင်ဘာလအတွင်း ရော်ဘာတန်ချိန်ပေါင်း ၈၈၀၀ကျော် တင်ပို့မှုကနေ US$ ၁၂ သန်းနီးပါးရရှိ




ပြီးခဲ့တဲ့စက်တင်ဘာလအတွင်း ပြည်ပနိုင်ငံတွေကို ရော်ဘာတန်ချိန်ပေါင်း ၈၈၀၀ ကျော် တင်ပို့မှုကနေ အမေရိကန်ဒေါ်လာ ၁၂ သန်းနီးပါး ပို့ကုန်ဝင်ငွေ ရရှိခဲ့တယ်လို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနရဲ့ ကုန်သွယ်မှုစာရင်း ဖော်ပြချက်အရ သိရပါတယ်။ ပင်လယ်ရေကြောင်းကနေ အမေရိကန်ဒေါ်လာ ၃ ဒသမ ၅၇၂ သန်း တန်ဖိုးရှိတဲ့ ရော်ဘာတန်ချိန်ပေါင်း ၂၄၆၀ တင်ပို့ခဲ့တာဖြစ်ပြီး နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းကနေ အမေရိကန်ဒေါ်လာ ၈ ဒသမ ၄၂၃ သန်းတန်ဖိုးရှိတဲ့ ရော်ဘာ တန်ချိန်ပေါင်း ၆၃၅၀ တင်ပို့ခဲ့တာဖြစ်ပါတယ်။ နယ်စပ်ကုန်သွယ်ရေးကနေ တင်ပို့မှုမှာ တရုတ်နိုင်ငံကို တန်ချိန် ၅၃၈၀ နီးပါး၊ ထိုင်းနိုင်ငံကို တန်ချိန် ၉၇၀ ကျော် တင်ပို့ခဲ့တာဖြစ်ပါတယ်။

ရော်ဘာပြည်ပတင်ပို့မှုကို အနီးစပ်ဆုံးကာလဖြစ်တဲ့ ဩဂုတ်လတင်ပို့မှုနဲ့နှိုင်းယှဉ်ရင် တန်ချိန်ပေါင်း ၃၅၀၀ ကျော် တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၆ သန်းကျော် လျော့ကျခဲ့တာဖြစ်ပါတယ်။ ပြည်တွင်းရော်ဘာစျေးကွက် အခြေအနေမှာ စျေးကောင်းရရှိနေပြီး ထုတ်လုပ်မှုမှာတော့ ဒေသတချို့မှာ မိုးရွာသွန်းမှုများနေဆဲဖြစ်တဲ့အတွက်ကြောင့် ရော်ဘာထုတ်လုပ်မှု နည်းနေပြီး လာမယ့်အောက်တိုဘာလမှာမှ ထုတ်လုပ်မှုများလာမှာဖြစ်တယ်လို့ သိရပါတယ်။

ဤဆောင်းပါးကို Bloomberg Myanmar မှကူးယူဖော်ပြပါသည်။

**Source: htwettoe**

## STOCK EXCHANGE (14.10.2022)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 14th Oct. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,400 | -100 | -1.05% | 9,400 | 9,400 | 9,400 | 1,505 | 14,147,000 | 33,109,694 | 311,231 |
| MTSH | 00002 | 3,500 | -50 | -1.41% | 3,550 | 3,550 | 3,500 | 12,054 | 42,241,950 | 38,929,150 | 136,252 |
| MCB | 00003 | 7,900 | +0 | +0.00% | 7,900 | 7,900 | 7,900 | 18 | 142,200 | 10,400,986 | 82,168 |
| FPB | 00004 | 21,500 | +500 | +2.38% | 21,000 | 21,500 | 21,000 | 258 | 5,546,500 | 2,472,053 | 53,149 |
| TMH | 00005 | 2,750 | +0 | +0.00% | 2,750 | 2,750 | 2,750 | 178 | 489,500 | 12,823,224 | 35,264 |
| EFR | 00006 | 2,750 | +0 | +0.00% | 2,750 | 2,750 | 2,750 | 20 | 55,000 | 19,977,223 | 54,937 |
| AMATA | 00007 | 5,000 | -100 | -1.96% | 5,100 | 5,100 | 5,000 | 609 | 3,067,300 | 10,497,598 | 52,488 |

## Market summary

As of 14th Oct. 2022

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 417.04 | -2.91 | -0.69% | 418.05 | 418.05 | 416.33 | 14,642 | 65,689,450 | 7 | 725,489 |

### Index chart




# Market Overview

## Main Board

As of 1:00 pm, 14th Oct. 2022

| MYANPIX | 417.04 ▼ 2.91 |
|---|---|
| Total Volume (shares) | 14,642 |
| Total Value (MMK) | 66 mil |
| Listed Company | 7 |
| Market Cap. (MMK) | 725,489 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,400 | ▼ 100 |
| MTSH | 00002 | 3,500 | ▼ 50 |
| MCB | 00003 | 7,900 | ▲ 0 |
| FPB | 00004 | 21,500 | ▲ 500 |
| TMH | 00005 | 2,750 | ▲ 0 |
| EFR | 00006 | 2,750 | ▲ 0 |
| AMATA | 00007 | 5,000 | ▼ 100 |